# ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး

## ၂၂ ရက်မြောက်နေ့အစီအစဉ်

## [၁၉–၈–၂၀၁၃] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသာဝင်း၊ ရန်ကင်း မဲဆန္ဒနယ်၏ **ရန်ကင်းမြို့နယ်အတွင်း မြေနေရာလွတ်အဖြစ် ကျန်ရှိသည့်မြေနေရာများအား အပန်းဖြေနိုင်သည့်ကွင်းအဖြစ် သတ်မှတ်ပေးပါရန်**နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးရဲထွန်း၊ သံတွဲ မဲဆန္ဒနယ်၏ **ရခိုင်ပြည်နယ်၏ မြို့နယ်များရှိ သင့်လျော်သော နေရာများတွင် မုန်တိုင်းဒဏ်ခံ Cyclone Shelter များ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကြည်သာ၊ ဂွ မဲဆန္ဒနယ်၏ **ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး တွင် ဂွမြို့နယ်ကဲ့သို့ စားသောက်ဆိုင်များတွင် ဘီယာ၊ အရက်များ ရောင်းချခြင်း၊ သယ်ယူပို့ဆောင်နေခြင်းတို့တွင် ဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးရဲထွဋ်ဦး၊ နတ်တလင်း မဲဆန္ဒနယ်၏ **မြန်မာနိုင်ငံရဲတပ်ဖွဲ့များသို့ အချုပ်ယာဉ်၊ လူညှ့်ကင်း/လုံခြုံရေး ဆောင်ရွက်ရန်ယာဉ်နှင့် အစိကရုဏ်းနှိမ်နင်းရေးယာဉ် စသည်တို့ကို စီမံချက်ရေးဆွဲပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်လှဲလှဲဝင်းဆွေ၊ တာမွေ မဲဆန္ဒနယ်၏ **မြန်မာဓိုးကူခွေ မပါရှိခြင်း၊ ညစ်ညမ်းခွေ မပါရှိခြင်း စသည့်အချက်များဖြင့် အဖမ်းခံ နေရသော မြန်မာနိုင်ငံသားများအား ဒဏ်ငွေတစ်ခုသာ ချမှတ်ပြီး အပြစ်ဒဏ် ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးအုံးရယ်၊ ဖရူဆို မဲဆန္ဒနယ်၏ **ရပ်/ကျေးအုပ်ချုပ်ရေးမှူးရုံးများ ကို နိုင်ငံတော်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးဝင်းဦး၊ ရေဖြူ မဲဆန္ဒနယ်၏ **အိမ်ရာမြေများ ဝယ်ယူရောင်းချခြင်း အပေါ်တွင် ကောက်ခံနေသော အခွန်နှုန်းထားများ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးစိုင်းလှကျော်၊ လင်းခေး မဲဆန္ဒနယ်၏ **စီးပွားရေးကုမ္ပဏီများမှ ဆုမဲများကို ကြော်ငြာထားသည့်အတိုင်း ထည့်သွင်းပေထားခြင်း ရှိ/မရှိ နှင့် ၎င်းဆုမဲများပေးခြင်းအပေါ် နိုင်ငံတော်အခွန် စည်းကြပ်ရေး ကဏ္ဍတွင် ထည့်သွင်းတွက်ချက်ခြင်းရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(စျ) ဦးပိုက်လင်း၊ ပလက်ဝ မဲဆန္ဒနယ်၏ **မြို့နယ်နှင့် ခရိုင်ဘဏ္ဍာခွဲများတွင် တာဝန်ယူထားရသော ငွေကြေးနှင့် ထိုက်တန်သော ရာထူးအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးမြသိန်း၊ မုဒုံ မဲဆန္ဒနယ်၏ **မုဒုံမြို့ပေါ်တွင် မြန်မာစီးပွားရေးဘဏ် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ က **"မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း "** ကို တင်သွင်းခြင်း။

၇။ **" မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း "** နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီ က ဖတ်ကြား ရှင်းလင်းခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက **" မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ ဥပဒေကြမ်း "**ကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်းကြေညာခြင်း။

၉။ အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **"ကာလစည်းကမ်းသတ် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ တင်သွင်းခြင်း။

၁၀။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်က **" ယနေ့ကာလတွင် ပြည်ထောင်စု လွှတ်တော်က ရပ်ကွက်(သို့) ကျေးရွာအုပ်ချုပ်ရေးမှူး ဥပဒေပြဋ္ဌာန်းခဲ့ပြီး ဖြစ်သော်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေးအဆင့်၊ ခရိုင်အဆင့် နှင့်မြို့နယ်အဆင့် အုပ်ချုပ်ရေးကို အုပ်ချုပ်ရေးဥပဒေပြဋ္ဌာန်းခြင်း မရှိသေးဘဲ တာဝန်ပေးဆောင်ရွက်စေခြင်းသည် ဒီမိုကရေစီ ပြုပြင် ပြောင်းလဲရေး နှင့် ဆီလျော်ခြင်းမရှိပါ၊ သို့ဖြစ်ပါ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အုပ်ချုပ်ရေး အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးဥပဒေ မူကြမ်း တစ်ရပ်ရေးဆွဲရန် ပြည်ထောင်စုအစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန် အစည်းအဝေး ၂၂ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၂၃ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။